အနှစ်ချုပ်
၂၀၁၆ ဖေဖော်ဝါရီ

Natural Resource Governance Institute

# မြန်မာနိုင်ငံသယံဇာတ ဝင်ငွေခွဲဝေခြင်း အခြေခံမူ ၈ ချက်။

Andrew Bauer, Paul Shortell and Lorenzo Delesgues

## မိတ်ဆက်

ပြန်လည်ပေါ်ထွက်ခြင်းမရှိတော့သည့် သယံဇာတဝင်ငွေများ ခွဲဝေသည့်စနစ်တခုကို ပြင်ဆင်ရေးဆွဲသည့်အခါတွင် မူဝါဒရေးဆွဲသူများအနေဖြင့် ဖော်ဆောင်လိုသည့်ကိစ္စရပ် အတော်များများရှိနေမည်ဖြစ်သည်။ ပထမဆုံးအနေနှင့် သုံးစွဲလိုက်ခြင်းအစားရင်းနှီးမြှုပ်နှံမှုကို အားပေးသည့်စနစ်ဖြစ်ရမည်။ လက်တွေ့ဆိုရလျှင် အထိမ်းအမှတ် ကျောက်တိုင်ကြီးများတည်ဆောက်ခြင်းအစား ကျန်းမာရေး၊ ပညာရေးနှင့် အမှန်တကယ်အသုံးဝင်သည့် အခြေခံအဆောက်အဦများအတွက် သုံးစွဲခြင်းမျိုးဖြစ်ရမည်။ ဒုတိယအနေဖြင့် ယင်းစနစ်သည်- ၎င်းတို့ရမည့်ဝင်ငွေကို ခန့်မှန်းနိုင်သည်အထိ ရှင်းလင်းရမည်။ ပွင့်လင်းမြင်သာမှုရှိရမည်ဖြစ်သည်။ ပြန်လည်ထွက်ပေါ်ခြင်းမရှိသည့် သယံဇာတဝင်ငွေများသည် အကန့်အသတ်ရှိပြီး အဝင်အထွက်ကြမ်းသည့်အပြင်ကုန်စည်ဈေးနှုန်းအတက်အကျပေါ် တိုက်ရိုက် သက်ရောက်မှု များရှိခြင်းကြောင့် ယင်းအချက်သည် အထူးသဖြင့်အရေးကြီးသည်။ တတိယအနေဖြင့် ယင်းစနစ်သည် နိုင်ငံရေးအပြောင်းအလဲများကြားတွင် ကြံ့ကြံ့ခိုင်နိုင်ရမည်။ စတုတ္ထအနေဖြင့် ယင်းစနစ်သည် ပဋိပက္ခများလျော့ချရာတွင် အထောက်အပံ့ဖြစ်စေရမည်။ ဆိုရလျှင် ခွဲဝေရေးစနစ်သည် ထက်မြက်ရမည်၊ တည်ငြိမ်ရမည်၊ ပွင့်လင်းမြင်သာမှု ရှိရမည်ဖြစ်ပြီးတစ်နိုင်ငံလုံးသဘောတူသတ်မှတ်ထားသည့် စနစ်ဖြစ်ရမည်။

မြန်မာနိုင်ငံတွင်ဆောင်ရွက်သည့် သယံဇာတ ဝင်ငွေခွဲဝေရေးအတွက် အခြေခံမူ ၈ ချက်ကိုဖော်ထုတ်ရေးသားထားပါသည်။ လက်ရှိနှင့် အနာဂတ်မျိုးဆက်များအတွက် သယံဇာတဝင်ငွေများကို တန်းတူညီမျှလည်းဖြစ်စေ၊ ကောင်းကျိုးလည်းဦးတည်လျက် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် အားပေးတိုက်တွန်းထားသည့် လက်စွဲဖြစ်သော သဘာဝသယံဇာတ ကျင့်ထုံး (Natural Resource Charter) ကိုအခြေခံပြီး ဖြစ်စဉ်လေ့လာချက်များနှင့် ပေါင်းစပ်ဖော်ထုတ်ထားခြင်းဖြစ်ပါသည်။

## အခြေခံမူ ၁။ ပြတ်သားသည့် ရည်မှန်းချက် ချမှတ်ခြင်း

သယံဇာတ ဝင်ငွေခွဲဝေမှု စနစ်များရေးဆွဲအကောင်အထည်ဖော်သည့်အခါတွင် မည်သည့်အတွက်ကြောင့်ဆောင်ရွက်ရသည်နှင့် ပတ်သက်ပြီး သဘောတူညီထားမှုမရှိဘဲ ဆောင်ရွက်သည်များလည်း ရှိတတ်သည်။ အကျိုးဆက်အနေနှင့် သယံဇာတ တူးဖော်ရေးလုပ်ငန်းများအတွက် နစ်နာကြေးပေးရန်၊ ဒေသတွင်းတပြေးညီတိုးတက်မှုဖော်ဆောင်ရန် သို့မဟုတ် ပဋိပက္ခကာကွယ်တားဆီးရန် သို့မဟုတ် လျော့ချရန် အစရှိသောသီးသန့်ရည်ရွယ်ချက်များကို စနစ်မှဖော်ဆောင်ဖြည့်ဆည်းပေးနိုင်ခြင်းမရှိပဲ ဖြစ်တတ်သည်။ စနစ်အနေဖြင့် ရည်ရွယ်ချက်တခုတည်းထားရှိရန် မဟုတ်သော်လည်း ဥပဒေ သို့မဟုတ် မူဝါဒတွင် ရှင်းလင်းစွာ ပြဌာန်းထားသည့် ရည်ရွယ်ချက်ရှိရန်လိုသည်။

## အခြေခံမူ ၂ ။ ရငွေ နှင့် အသုံးစရိတ် သတ်မှတ်ချက်များလိုက်ဖက်ညီအောင်ဆောင်ရွက်ခြင်း

ဘဏ္ဍာငွေ ဗဟိုဦးစီးမှုလျော့ချခြင်းသည် ပြည်သူ့ဝန်ဆောင်မှုပေးရာတွင် အသုံးပြုသည့် ပြည်နယ် အသုံးစရိတ် တာဝန်များနှင့် ချိတ်ဆက်ထားရမည်။လွှဲပြောင်းပေးသည့် ပမာဏသည် လိုအပ်သည်ထက်ပိုနေသည်ဆိုပါက ဒေသန္တရအစိုးရအနေဖြင့် အမြင်လှသည့်၊ မဆင်မခြင် စိတ်အလိုလိုက်တည်ဆောက်သည့် အခြေခံအဆောက်အဦများဖြစ်သော အထိမ်းအမှတ် ၊ ကျောက်တိုင်များ စိုက်ထူခြင်းမျိုးကို ထိန်းသိမ်းစရိတ်၊ အသုံးပြုသည့်စရိတ်များ ထည့်သွင်းစဉ်းစားခြင်းမရှိပဲ တည်ဆောက်အသုံးပြုမှုများ ဖြစ်လာနိုင်သည်။ ဆောက်လုပ်ရေးကုန်ကျစရိတ်များလည်းတိုးမြင့်လာပြီး ဘဏ္ဍာရေးလွှဲပြောင်းပေးမှု အသီးအပွင့်များကို ဆောက်လုပ်ရေးကုမ္ပဏီပိုင်ရှင်များသည် အခြားဒေသခံပြည်သူများထက်ပို၍ ရယူသွားမည်ဖြစ်သည်။ ဒေသန္တရအစိုးရ အသုံးစရိတ်များကို ပြည့်မီအောင် ဖြည့်ဆည်းနိုင်ခြင်းမရှိပါကလည်း အခြေခံပြည်သူ့ဝန်ဆောင်မှုများဖြစ်သော ပညာရေး၊ ကျန်းမာရေး သို့မဟုတ် အခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးမှုတွင် လိုအပ်ချက်များ ဖြစ်ပေါ်လာမည်ဖြစ်သည်။ ဘရာဇီး၊ ဖိလစ်ပိုင် နှင့် တောင် အာဖရိက နိုင်ငံများတွင် ပြည်နယ်အစိုးရများသို့ ပညာရေး၊ ပြည်သူများလုံခြုံရေးနှင့်



ဦးသစ်ငြိမ်းမှ သူ၏လယ်ယာ အရင်ကရှိခဲ့သော တီကျစ် ကျောက်မီးသွေးတွင်းအား ကြည့်နေပုံ
Photo by Suthep Kritsanavarin for NRGI

တရားရေး၊ လူမှုဖူလုံရေးနှင့် သယ်ယူပို့ဆောင်ရေးကဲ့သို့သော အဓိကကျသည့် အသုံးစရိတ်များဆုံးဖြတ်ပိုင်ခွင့်ကို အပ်နှင်းထားသည်။ ထိုနိုင်ငံများတွင် သယံဇာတဂင်ငွေများကို ဖော်ပြပါဂန်ဆောင်မှုများ ဆောင်ရွက်နိုင်ရန် ထပ်တိုးချထားပေးသည်။ ကာဇက်စတန်နှင့် ယူဂန်ဒါကဲ့သို့သော နိုင်ငံများတွင် ပြည်နယ်အစိုးရများ၏ လုပ်ပိုင်ခွင့်တာဂန်များမှာ အနည်းငယ်သာရှိသည်။ ထိုနိုင်ငံများတွင် သယံဇာတ ဂင်ငွေဆိုသည်မှာ ဒေသန္တရအာဏာပိုင်များအတွက် အပိုဆုအနေဖြင့် ခွဲခြားပေးသည့်သဘောမျှသာဖြစ်သည်။[၁] အစိုးရအဆင့် အသီးသီးကို အသုံးစရိတ်တာဂန်များ ခွဲခြားအပ်နှင်းထားခြင်းသည် သယံဇာတဂင်ငွေခွဲဂေမှုနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက် တစုံတရာမချမှီ ကြိုတင်သဘောတူထားရမည့်ကိစ္စ ဖြစ်သည်။

## အခြေခံမှု ၃။ ဘဏ္ဍာရေး တာဂန်လုပ်ပိုင်ခွင့်များတိုးမြင့်ပေးခြင်း

ဒေသန္တရအစိုးရမွဲပြာကျခြင်း သို့မဟုတ် မဆင်မခြင်သုံးစွဲခြင်းများသည် နိုင်ငံအဆင့် အစိုးရကူညီကယ်ယူရခြင်းသို့မဟုတ် ဒေသအဆင့်တွင် ကစဉ့်ကလျားပျက်ပြားခြင်းများကို ပေါ်ပေါက်စေနိုင်သည်။ ထို့ကြောင့် ဘဏ္ဍာငွေခွဲဂေမှု အချိုးအစားသည် ပြည်နယ်အစိုးရများအနေဖြင့် ဘဏ္ဍာငွေ လွှဲပြောင်းပေးမှုများကို ထိထိရောက်ရောက်သုံးစွဲနိုင်ရေး စေ့ဆော်တိုက်တွန်းနိုင်ရန် တွက်ချက်ဖော်ထုတ် ထားရမည်။ ဘဏ္ဍာရေးဆိုင်ရာ တာဂန်များတိုးမြင့်ချမှတ်ရာတွင် ပြည်နယ်အစိုးရများ၏ ငွေချေးယူနိုင်မှုကိုကန့်သတ်ခြင်း၊ နိုင်ငံဓနရံပုံငွေတွင် သယံဇာတ ဂင်ငွေများအနက်မှ အချို့ကိုစုဆောင်းထားခြင်း၊ ပြည်နယ်ဘတ်ဂျတ်များကို ပြည်ထောင်စုအဆင့်မှ ခွင့်ပြုခြင်း၊ အခြေအနေအလိုက် ချေးငွေချထားပေးခြင်း၊ ဘတ်ဂျတ်ချထားပေးရေးနှင့်ဆိုင်ပြီး ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့် အာဏာပိုင်များကြားတွင် ဆွေးနွေးမှုများပြုလုပ်ခြင်း သို့မဟုတ် အသုံးစရိတ်ထိန်းချုပ်ရန် တိုက်တွန်းခြင်းများပါဂင်သည်။ မည်သည့်နည်းလမ်းကို ရွေးချယ်သည်ဖြစ်စေ ဒေသန္တရအစိုးရအနေဖြင့် ၄င်းတို့လိုအပ်ချက်အတိုင်း ဆောင်ရွက်နိုင်ရန်နှင့် ဘဏ္ဍာရေးဆိုင်ရာ တာဂန်လုပ်ပိုင်ခွင့်များ တိုးတက်ပေးအပ်ခြင်းကြားတွင် မျှတမှုရှိနေစေရန် ဆောင်ရွက်ထားရန် လိုအပ်ပါသည်။

1 Bauer, Andrew (2013) Subnational Oil, Gas and Mineral Revenue Management. Revenue Watch Institute.

Online: http://www.resourcegovernance.org/sites/default/files/RWI_Sub_Oil_Gas_Mgmt_EN_rev1.pdf

## အခြေခံမှု ၄ ။ ဘဏ္ဍာရေးအသုံးစရိတ်များကန့်သတ်ချထားပေးခြင်း၊ အသုံးစရိတ် ကြိုတင်မှန်းဆနိုင်ရန် ဆောင်ရွက်ခြင်း။

သဘာဂသယံဇာတ ဂင်ငွေများ အလုံးအရင်းနှင့်၊ တည်ငြိမ်မှုမရှိသည့် ပမာဏ(unpredictable transfers) လွှဲပြောင်းပေးခြင်းသည် ဒေသစီးပွားရေးကို မတည်မငြိမ်ဖြစ်စေသည်။ အကျိုးရှိအောင်မြင်သော ပြည်သူ့ကဏ္ဍရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ခြင်းနှင့်ပတ်သက်ပြီး တလွဲစေ့ဆော်မှုများ ပေါ်ပေါက်စေနိုင်သည်။ ထို့ကြောင့် ဗဟိုအစိုးရအနေဖြင့် ဒေသန္တရအစိုးရများကိုတည်ငြိမ်သည့်၊ ကန့်သတ်မှုရှိသည့် ဂင်ငွေစီးဆင်းမှု ဖန်တီးပေးမည်လား သို့မဟုတ် တည်ငြိမ်သည့် အသုံးစရိတ်များဖြစ်လာစေရန် နည်းနာများသတ်မှတ်ပေးမည်လားကို ရွေးချယ်ရမည်ဖြစ်သည်။ ဒေသန္တရအစိုးရများအစား ဂင်ငွေလွှဲပြောင်းမှုများကို ကန့်သတ်မည်လား သို့မဟုတ် ကြွေးမြီစီမံခြင်း (debt management)သို့မဟုတ် နိုင်ငံခနရံပုံငွေတွင်စုဆောင်းခြင်းဖြင့် ဂင်ငွေမတည်ငြိမ်မှုကို ၎င်းတို့အစွမ်းအစဖြင့် လွတ်လပ်စွာဖြေရှင်းနိုင်ရန် ခွင့်ပြုမည်လားကိုရွေးချယ်ရမည်ဖြစ်သည်။



ရေနံတွင်း၊ မင်းလှမြို့နယ်၊ ပဲခူးတိုင်း။

Photo by Matt Grace for NRGI

## အခြေခံမှု ၅ ။ ရိုးရှင်းခြင်း၊ အသက်သွင်းအသုံးချရန်လွယ်ကူခြင်း။

စွမ်းဆောင်ရည်နိမ့်ပါးသည့် ဒေသန္တရအစိုးရအာဏာပိုင်များသို့မဟုတ် အရပ်ဖက်လူ့အဖွဲ့အစည်းများအနေဖြင့် အစိုးရနှင့်သော်လည်းကောင်း၊ နိုင်ငံသားများနှင့်သော်လည်းကောင်း ယုံကြည်မှုတည်ဆောက်နိုင်ရန်အတွက် အချက်အလက်များကို ဂေဖန်စိစစ်နိုင်ရန် ဂင်ငွေခွဲဂေရေး အချိုးအစားသတ်မှတ်ချက်တိုင်းသည် ရိုးစင်းရမည်။ ရိုးစင်းသည့် စနစ်အောက်တွင် အလွယ်တကူစိစစ် ပိုင်းခြားနိုင်ခြင်းကြောင့် အကျင့်ပျက်လာဘ်စားမှုများကိုလည်း ကာကွယ်ရာရောက်သည်။ လက်တွေ့ဆောင်ရွက်ရာတွင် လွှဲပြောင်းရေးစနစ်၏ ရည်ရွယ်ချက်ကို တစ်ခုသို့မဟုတ် အများဆုံးနှစ်ခုသတ်မှတ်ပြီး၊ ဂင်ငွေခွဲဂေရေး အချိုးအစားသတ်မှတ်ရာတွင် အလျော့အတင်း အနည်းငယ်ခွင့်ပြုရန်ကို ဆိုလိုခြင်းဖြစ်သည်။

## အခြေခံမှု ၆ ။ ခွဲဂေမှု အချိုးအစားကို နိုင်ငံအဆင့်တွင် သဘောတူသတ်မှတ်ခြင်း

စနစ်၏ ရည်ရွယ်ချက်များအောင်မြင်ရန်နှင့် အချိုးအစားသတ်မှတ်ချက် တည်တံ့ရန်အတွက် ဂင်ငွေခွဲဂေရေးအချိုးအစား သတ်မှတ်ရာတွင် အားလုံးသဘောတူညီမှုရရှိရန်မှာ (Consensus building) အလွန့်အလွန် အရေးကြီးသည်။ အထူးသဖြင့် နိုင်ငံရေးအရ တင်းမာမှုများ

ရှိခြင်း၊ လူမျိုးစုများကွဲပြားနေသည့် အခင်းအကျင်းတွင် ပို၍အရေးကြီးသည်။ အဓိကစတိတ်ဟိုဒါများအနေဖြင့် သတ်မှတ် အချိုးအစား ပေါ်တွင် သဘောမတူနိုင်သည်ကိုလျစ်လျူရှုလျက် အတင်းအကျပ်ဆောင်ရွက်သည်ဆိုပါက ဒေသ၏လိုလားချက်များကို ဖြည့်ဆည်း ပေးနိုင်မည်မဟုတ်သကဲ့သို့၊ တရားဝင်ထောက်ခံမှု လည်းရရှိမည်မဟုတ်ဘဲ ပို၍ကြီးမားသည့် ပဋိပက္ခသို့ ဦးတည်စေမည်ဖြစ်သည်။ သဘောတူညီမှု မရသဖြင့် ပေါ်ပေါက်လာရသည့် အကျိုးဆက်များကို နိုင်ငံအတော်အများများတွင် မြင်တွေ့နိုင်သည်။ ၂၀၁၂ ခုနှစ်တွင် ဘရာဇီး၏ ဝင်ငွေခွဲဝေရေးစနစ်သည် မျှတမှုမရှိဟုယူဆသူ ၂၀၀ဝ၀၀ ကျော်က ရီယိုဒီဂျနေရိုးတွင် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ ထိုထက်ဆိုးသည့်ကိစ္စရပ်များအနေဖြင့် ဝင်ငွေခွဲဝေမှုဆိုင်သည့် သဘောတူညီချက်ဖော်ထုတ်နိုင်ခြင်းမရှိသဖြင့် ပီရူး နှင့် အီရတ်နိုင်ငံများတွင် ပဋိပက္ခများ ပို၍ပြင်းထန်သွားရသည်။

## အခြေခံမူ ၇ ။ ခွဲဝေမှု အချိုးအစားသတ်မှတ်ချက်ကိုဥပဒေဖြင့် ပြဋ္ဌာန်းအတည်ပြုခြင်း။

ဝင်ငွေခွဲဝေရေး သတ်မှတ်ချက်တိုင်းသည် ဥပဒေဖြင့် သို့မဟုတ် စည်းမျဉ်းစည်းကမ်းများဖြင့် ကျောထောက်နောက်ခံ ပြုထားသင့်သည်။ ဥပဒေပြုခြင်းဖြင့် ပုံမှန်ရရှိနိုင်သည့်ပမာဏကို မှန်းဆနိုင်မည်ဖြစ်သကဲ့သို့ ဝင်ငွေခွဲဝေရေး အချိုးအစားသတ်မှတ်ချက် ရည်ရွယ်ချက်များကိုလည်း ဆွေးနွေးချမှတ်နိုင်ရန် အာဏာပိုင်များကိုလည်း တွန်းအားပေးနိုင်မည်ဖြစ်သည်။ တင်ပြလာသည့် အစီအစဉ်များ၏ အားနည်းချက်၊ အားသာချက်များနှင့်ပတ်သက်ပြီး ပြည်သူအများ၏ ပါဝင်ဆွေးနွေးမှုကိုလည်း အားကောင်းစေမည်ဖြစ်သည်။

## အခြေခံမူ ၈ ။ဝင်ငွေခွဲဝေမှုကို ပွင့်လင်းစွာဆောင်ရွက်ခြင်း၊ ပမာဏတိုက်ဆိုင်စိစစ်ခြင်း။

ပြည်နယ်အစိုးရများအနေဖြင့် ၄င်းတို့ တရားသဖြင့်ရထိုက်သည့် သယံဇာတဝင်ငွေများ အမှန်တကယ် လက်ခံရရှိနေပါသလား ကို သိရှိရန်မှာရှင်းလင်းသည့် ဝင်ငွေခွဲဝေမှုသတ်မှတ်ချက်ရှိမှသာလျှင် ၄င်းတို့နယ်မြေအတွင်းမှ သတ္တုတွင်းများ၊ ရေနံလုပ်ကွက်များမှ အခွန်များ၊ အခွန်တော်များတန်ဖိုးကို တွက်ချက်စစ်ဆေးနိုင်မည်ဖြစ်သည်။ စီမံကိန်းအလိုက် ဝင်ငွေအချက်အလက်၊ ကိန်းဂဏန်းများကို လွတ်လပ်စွာစိစစ်မှုမရှိပါက ဒေသန္တရအစိုးရများရရှိသည့် ဝင်ငွေဝေစု တွက်ချက်မှုတွင် အမှားအယွင်းများပေါ်ပေါက်နိုင်သည်။ ကွန်ဂိုနှင့် ဖိလစ်ပိုင်တို့မှ ပြည်နယ်အစိုးရများသည် ၄င်းတို့ ရထိုက်သည့် သယံဇာတဝင်ငွေများကို ဥပဒေနှင့်အညီလက်ခံရခြင်းရှိ မရှိကို နားလည်ခြင်းမရှိကြပါ။ အကျိုးဆက်အနေဖြင့် ယုံကြည်မှုကင်းမဲ့ပြီး၊ ရှုပ်ထွေးမှုများပေါ်ပေါက်လာကာ နိုင်ငံအဆင့်အစိုးရ၏ တည်တံ့သောငြိမ်းချမ်းရေးအတွက် သယံဇာတ ဝင်ငွေလွှဲပြောင်းပေးရန် အားထုတ်နေမှုကို မှေးမှိန်သွားစေခဲ့ သည်။

## စဉ်းစားဖြေရှင်းရမည့် အဓိကကိစ္စရပ်များ။

- မြန်မာနိုင်ငံမှ သယံဇာတ ဝင်ငွေခွဲဝေရေးစနစ်၏ ရည်ရွယ်ချက်များ။
- သယံဇာတ ဝင်ငွေခွဲဝေရေး စနစ်ကြောင့် မည်သည့် ဒေသ၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့မဟုတ် တိုင်းသို့မဟုတ် နယ်မြေများတွင် သက်ရောက်မှုအများဆုံးရှိမည်နည်း။
- လက်ရှိဆောင်ရွက်နေသည့် ဘဏ္ဍာရေးဆိုင်ရာ ဗဟိုဦးစီးမှုလျှော့ချရေးနှင့် ဗဟိုချုပ်ကိုင်မှုလျှော့ချရေး လုပ်ငန်းစဉ်များတွင် သယံဇာတဝင်ငွေခွဲဝေခြင်း လုပ်ငန်းစဉ်ကို မည်သို့ချိတ်ဆက်နိုင်မည်နည်း။
- သယံဇာတ ဝင်ငွေခွဲဝေမှုစနစ် တည်ထောင်ပြီးဖြစ်သည်ဆိုပါက
  - အထက်အောက် ခွဲဝေမှုကိုမည်သို့သတ်မှတ်မည်နည်း။
  - မည်သည့် ဝင်ငွေအမျိုးအစားကို ခွဲဝေမည်နည်း။
  - ထွက်ကုန်အခြေပြု အချိုးအစားသို့မဟုတ် အညွှန်းကိန်းအခြေပြုသတ်မှတ်ချက်ကို အသုံးပြုမည်လား။ အညွှန်းကိန်း အခြေပြု စနစ် ကိုရွေးချယ်ပါက မည်သည့်အညွှန်းကိန်းများကို အသုံးပြုမည်နည်း။
  - မည်သည့်အဆင့်ထိ ဝင်ငွေခွဲဝေပေးမည်နည်း။
  - အစိုးရမဟုတ်သည့် အစုအဖွဲ့များဥပမာရိုးရာအာဏာပိုင်များသို့ ဝင်ငွေ ခွဲဝေပေးခြင်းပြုမည်လား။

- ပြည်နယ်အစိုးရများအနေဖြင့် ကြုံတွေ့နေရသည့် နှစ်အလိုက် ဘတ်ဂျတ်မတည်ငြိမ်မှုနှင့် ရေရှည် အတက်အကျ ကြမ်းသည့် သံသရာကို ခွဲဝေရေးစနစ်က မည်သို့အထောက်အကူပြုဖြေရှင်းပေးနိုင်မည်နည်း။
- သယံဇာတဂင်ငွေ လွှဲပြောင်းပေးမှုများကို အထူးအသုံးစရိတ်အဖြစ် သတ်မှတ်အသုံးချသင့် မသင့်။
- သယံဇာတဂင်ငွေ လွှဲပြောင်းပေးမှု စစ်ဆေးနိုင်ရန်အတွက် မည်ကဲ့သို့သောပွင့်လင်းမြင်သာမှုနှင့် စောင့်ကြည့်ထိန်းကျောင်းရေး လုပ်ငန်းစဉ်သည် မြန်မာနိုင်ငံနှင့်သင့်တော်မည်နည်း။
- လက်တွေ့အကောင်အထည်မှုကို မည်သည့်နေရာတွင် သတ်မှတ်မည်နည်း။
- အဓိကစတိတ်ဟိုဒါများအနေဖြင့် တည်ငြိမ်သော၊ ရေရှည်သဘောဆောင်သော အချိုးအစားကို မည်သည့်နည်းဖြင့် ညှိနှိုင်းနိုင်မည်နည်း။

Natural Resource Governance Institute သည်နိုင်ငံ၏ရေနံ၊ ဓာတ်ငွေ့ နှင့် သဘာဂ တွင်းထွက်များ၏အကျိုးကျေးဇူးများ ခံစားစေရန်အလို့ငှာ အသုံးချသုတေသနများဖြင့်လည်းကောင်း၊ ထူးခြားသည့် နည်းစနစ်များအသုံးပြုပြီး စွမ်းဆောင်ရည်မြင့်တင်ခြင်းဖြင့်လည်းကောင်း၊ နည်းပညာအကြံပေးခြင်း နှင့် မူဂါဒပိုင်းဆိုင်ရာ တိုက်တွန်းအကြံပေးမှုများပြုလုပ်နေသော အကျိုးအမြတ်အဓိကမထားဘဲ လွတ်လပ်စွာရပ်တည်သည့် အဖွဲ့အစည်းဖြစ်သည်။

Natural Resource Governance Institute

Oil, gas and mining for development